# “လုံခြုံရာအရိပ်”

# “Impossible” Impster, The

ကျွန်ုပ်မတတ်နိုင်သော အရာအနည်းငယ်ကို ကျွန်ုပ်သတိရမိသည်။ ပထမတစ်ခုမှာ “World” ဟူသော စကားလုံးကို ကျွန်ုပ်အချိန်အတော်ကြာအောင် မှန်ကန်စွာ အသံမထွက်နိုင်ခြင်းဖြစ်သည်။ ထိုနောက် စကားပြောသင်ကြားသော ဆရာတစ်ဦး ကျွန်ုပ်တို့ကျောင်းသို့ ရောက်ရှိလာပြီး၊ ထိုစကားမပီသမှုသည် ဆရာ၏ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် ပြုပြင်ပေးမှုကြောင့် လွန်မြောက်ခဲ့သည်။ ထို “World” ဟူသောစကားကို နှစ်ပေါင်း ၅၀နီးပါးမျှ နှစ်ခါမတွေးဘဲ ကျွန်ုပ်ပြောနိုင်စွမ်းရှိခဲ့သည်။

ကျွန်ုပ်အတွက် အစတွင် မဖြစ်နိုင်ဟု ထင်မိသော ကိစ္စများစွာ ရှိခဲ့သည်။ နောက်ဆုံး၌ သင်ယူခြင်းကြောင့် မဖြစ်နိုင်သောအရာဟူ၍ မရှိမှန်း၊ သင်ယူ၍မတတ်သောအရာ မရှိမှန်းသိခဲ့သည်။ ဥပမာ လမ်းလျှောက်တတ်ရန် သင်ယူရသည်။ စကားပြောတတ်ရန် သင်ယူရသည်။ လက်မကို မစုပ်ရန် သင်ယူရသည်။ မော်တော်ဆိုင်ကယ်စီးတတ်ရန် ကားမောင်းတတ်ရန်မှစပြီး မိန်းကလေးတစ်ဦးကို နမ်းတတ်ရန်ပါ သင်ယူရသည်။ သို့ရာတွင် ထိုအရာများအနက် မဖြစ်နိုင်သော အရာတစ်ခုကား ရှိခဲ့ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ခန့်က ကျွန်ုပ်သည် “Family International” တွင် အချိန်ပြည့် စေတနာ့ဝန်ထမ်းတစ်ဦးအဖြစ် ဝင်ရောက်၍ အသက်မွေးဝမ်းကျောင်းပြုကာစ မကြာခင်လေးအတွင်းမှာပင် ကျွန်ုပ်၏ မိဘများထံသို့ ခရစ္စမတ်နှင့် နှစ်သစ်ကူးအတွက် သွားရောက်လည်ပတ်ခဲ့သည်။ မိဘများနှင့် သိပ်မဝေးသော မိတ်ဆွေဟောင်းတစ်ဦးဆီသို့လည်း သွားရောက်လည်ပတ်ရန် ဆန္ဒပြင်းပြခဲ့သည်။ ကျွန်ုပ်တို့ ထူထောင်ထားသော တီးဝိုင်းတွင် ဂျက်ဖ်က အဆိုခေါင်းဆောင်ဖြစ်ပြီး ကျွန်ုပ်က ဒရမ်သမားဖြစ်သည်။ သူနှင့်ကျွန်ုပ် နောက်ဆုံးတွေ့ပြီးကတည်းက အဖြစ်အပျက်များစွာ ဖြစ်ပျက်ခဲ့ကြပြီး ကျွန်ုပ်အသစ်တွေ့ရှိခဲ့သော ယုံကြည်မှုကိုလည်း ဂျက်ဖ်အား မျှဝေပြောပြချင်ခဲ့သည်။ ၁၉၇၀ပြည့်နှစ် အစောပိုင်း ဟစ်ပီမျိုးဆက်ကာလက အခြားသူများကဲ့သို့ပင် ဘဝ၏လေးနက်ခက်ခဲသော မေးခွန်းများ၏အဖြေကို ဂျက်ဖ်လည်း ရှာဖွေလေ့လာနေခဲ့သည်။ သူရှာဖွေနေသောအဖြေကို ဂျီးဆက်ပေးနိုင်မည်ကို ကျွန်ုပ်သိနေခဲ့ပါသည်။

ဂျက်ဖ်နေထိုင်ရာ တောင်ကုန်းအောက်ခြေသို့ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးနှင့်အတူ ကားမောင်း၍ထွက်ခဲ့ကြသည်။ သို့သော် နှင်းသည်းနေသဖြင့် လမ်းချော်နေပြီး ကားဘီးများက မရုန်းတော့ဘဲ လည်နေသည်။ တောင်ကုန်းပေါ်သို့ရောက်ရန် လုံးဝမဖြစ်နိုင်တော့သဖြင့် နောက်တစ်ကြိမ်မှသွားရန် ဆုံးဖြတ်ကာ ထိုနေရာမှပင် လှည့်၍ပြန်ခဲ့ကြသည်။ နောင်မှသိလာရသည်မှာ ကားကိုရပ်ထားခဲ့ပြီး နှင်းတောကိုဖြတ်၍ တောင်ပေါ်လမ်းအတိုင်းတက်သည်က ပို၍အဆင်ပြေသည်ဟူ၍ပင်။ သို့သော် ဤသို့ခရီးဆက်ရန် ကျွန်ုပ်တို့မစဉ်းစားမိခဲ့ကြပါ။

တစ်ရက်နှစ်ရက်ကြာသောအခါ နှင်းစဲသွားသဖြင့် ဂျက်ဖ်၏အိမ်သို့ အရောက်သွားခဲ့ကြသည်။ သို့သော် ဂျက်ဖ်သည် ကျောင်းတက်ရန် တက္ကသိုလ်သို့ပြန်သွားပြီဖြစ်ကြောင်း သူ့မိခင်ကပြောပြခဲ့သည်။ ကျွန်ုပ်အတော်လေး စိတ်ပျက်သွားခဲ့သည်။ နောက်တစ်ကြိမ်ကျမှပင် သူနှင့်တွေ့ဖြစ်အောင်တွေ့ရမည်ဟု ဆုံးဖြတ်ခဲ့ရပါတော့သည်။

နှစ်လခန့်ကြာသောအခါ ဂျက်ဖ်သည် သူ့ကိုယ်သူအဆုံးစီရင်သွားပြီဖြစ်ကြောင်း သူ၏မိခင်ရေးလိုက်သောစာကို ကျွန်ုပ်ရရှိခဲ့ပါသည်။ ထိုသတင်းကို ဖတ်ရသည်နှင့် ကျွန်ုပ်စိတ်ထိခိုက်လွန်းပြီး ခြုံးမည်းချငိုမိပါတော့သည်။ ဘုရားသခင်၏ မေတ္တာကို သူကိုးစားရမည့်အချိန်တွင် ဘုရားသခင်၏ မေတ္တာတော်ကို ရှာဖွေရေးအတွက် သူ့ကိုကူညီရမည့် အခွင့်အလမ်းတစ်ခု ကျွန်ုပ်လက်လွတ်ဆုံးရှုံးခဲ့ရခြင်းကိုလည်း စိတ်မကောင်းစွာ တွေးခဲ့မိပါသည်။ ထိုခရစ္စမတ်နှင်းများက ကျွန်ုပ်သွားသောနေ့တွင် တောင်ကုန်းပေါ်သို့ ဖုံးလွှမ်းမနေခဲ့လျှင် ကျွန်ုပ်၏ဘဝကဲ့သို့ပင် ဂျက်ဖ်၏ဘဝသည်လည်း တစ်ဆစ်တစ်ချိုးပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်ပေသည်။ ယနေ့အထိ သူအသက်ရှင်သန် ရပ်တည်နေနိုင်ကောင်းပေသည်။ ထိုအဖြစ်အပျက်ကို တွေ့ခဲ့ရပြီးသည်မှစ၍ ဘုရားသခင်က သူ၏မေတ္တာတော်ကို ပို့ဆောင်ခိုင်းသူနှင့် ကျွန်ုပ်အကြားတွင် “မဖြစ်နိုင်” ဟူ၍ ဘယ်သောအခါမျှ မရှိရဟု ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ဆုံးရှုံးသွားရသော “ဂျက်ဖ်” လိုလူစား အများကြီးရှိပါသည်။

ယခုမူကား မဖြစ်နိုင်ဟူသောအရာများ ဦးချိုထောင်လာလျှင် တစ်ခါက ကျွန်ုပ်မဖြစ်နိုင်ဟူသော အရာများဖြစ်နိုင်ခဲ့သည့် အတွေးကြောင့် ကျွန်ုပ်တွင် ဖြစ်နိုင်သည်ဟူသော ယုံကြည်မှုက ပိုမိုခိုင်မာလာခဲ့ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ ကတိများကို ကျွန်ုပ်အခိုင်အမာ ပြောဆိုခဲ့ပါသည်။ “လူမတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်သည်” (ရှင်လုကာခရစ်ဝင် ၁၈း၂၇) ၊ “သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက်သော ယုံကြည်ခြင်းရှိလျှင် ထိုတောင်ကိုနေရာမှ ရွှေ့လော့ဟုဆိုကြသော် နေရာမှရွှေ့လိမ့်မည်။ ယုံကြည်ခြင်းရှိလျှင် သင်တို့မတတ်နိုင်သောအမှုမရှိ” (ရှင်မဿဲခရစ်ဝင် ၁၇း၂၀)၊ “ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏” (ဖိလိပ္ပိဩဝါဒစာ ၄း၁၃)

(ကားတစ် ပီတာ ဗန်)

(By. Curtis Peter Van)